

ရက်ပေါင်း (၃၀) ဆုတောင်းအစီစဉ်

၁၇ ဖေဖော်ဝါရီ - ၁၉ မတ် ၂၀၂၆

ရိုဟင်ဂျာများသည် သူတို့အသက်ဝိညာဉ်၏သိုးထိန်းရှင်ကိုသိလာရန် ဆုတောင်းကူညီခြင်း

အရှင်ထာဝရဘုရားမိန့်တော်မူသည်ကား၊ ငါသည်ကိုယ်တိုင်လိုက်၍ ငါ့သိုးတို့ကိုရှာမည်။ ကွဲပြားလျက်ရှိသောမိမိသိုးတို့တွင် သိုးထိန်းရောက်သောအခါ ကြိုးစား၍ရှာသကဲ့သို့၊ ငါသည်လည်း ငါ့သိုးတို့ကို ကြိုးစား၍ရှာမည်။ မိုးအုံ့၍ မှိုက်သောနေ့၌ သူတို့ကွဲပြားသောအရပ်ရပ်တို့က ငါနှုတ်ဆောင်မည်။
(ယေဇ၊ ၃၄း၁၁-၁၂)

ဤသိုးခြံသို့မဝင်သောအခြားသိုးတို့ကိုလည်း ငါပိုင်သေး၏။ ထိုသိုးတို့ကို ငါဆောင်ခဲ့ရမည်။ သူတို့သည်လည်း ငါ့စကားသံကို နားထောင်သဖြင့်၊ သိုးခြံတစ်ခု သိုးထိန်းတစ်ပါးတည်း ရှိရလိမ့်မည်။ (ယော၊ ၁၀း၁၆)

မကြာခင်စတင်မည့် ရက်သုံးဆယ် ကိုယ်စားပြုဆုတောင်း အစီအစဉ်မှာ ပါဝင်ပေးသည့်အတွက် ကျေးဇူးတင်ပါသည်။ သင်တို့သည် လူ၊ နေရာ၊ သာသနာနှင့် အခြေအနေစသည်တို့အတွက် ဆုတောင်းကူညီရင်း ရိုဟင်ဂျာများအပေါ် နက်ရှိုင်းသည့်မေတ္တာခံစားတတ်အောင် ဘုရားသခင် မစပျိုးထောင်ပေးမည်ဟု ကျွန်တော်တို့မျှော်လင့်ပါသည်။ အောက်ပါဆုတောင်းခံချက်များကို ကမ္ဘာတစ်ဝှမ်းမှ ရိုဟင်ဂျာများ၏မတူညီသည့် အခြေအနေများအတွက် သင်တို့ဆုတောင်းကူညီနိုင်အောင် စီစဉ်ပေးထားသည်။ ဤဆုတောင်းခံချက်များတွင် ဘုံအကြောင်းအရာများပါဝင်သော်လည်း၊ သာသနာပြုလယ်ကွင်းတစ်ခုစီတွင် ၎င်း၏ကိုယ်ပိုင် လိုအပ်ချက်များရှိပါသည်။



အမေရိကန်ပြည်ထောင်စု

၁

အမေရိကပြည်ထောင်စုထဲက ခရစ်တော်၏ခန္ဓာထုကြီးသည် နိုင်ငံရပ်ခြားမှဝင်ရောက်လာသူများကို လက်ခံကြိုဆိုရုံသာမက၊ အနစ်နာခံသည့်မေတ္တာဖြင့်ချစ်တတ်ရန် ဆုတောင်းပါ။ ရိုဟင်ဂျာများ၏နှလုံးသားမှင့်ကြွေးသံများကိုကြားပြီး ဘုရားသခင်သည် အနန္တတန်ခိုးတော်ဖြင့် သူတို့ကို အမေရိကန်ပြည်ထောင်စုတစ်ခွင်ထဲက မြို့ကြီးများသို့ (WI ပြည်နယ်ထဲက Milwaukee လူမျိုးကဲ့သို့) လူအုပ်စုကြီးတစ်ခုအဖြစ် (သို့) (MIပြည်နယ်ထဲက Kalamaoo လူမျိုးကဲ့သို့) လူနည်းစုတစ်ခုအဖြစ်ခေါ်ဆောင်လာခဲ့သည်ကိုတွေ့မြင်လာရန် ဆုတောင်းကူညီပါ။

၂

အမေရိကန်ပြည်ထောင်စုကိုရောက်ရှိလာသည့် ယုံကြည်သူရိုဟင်ဂျာမိသားစုတစ်စုသည် ဝမ်းစာအတွက်မနည်းရုန်းကန်နေရသည်။ ထို့ပြင် ၎င်းတို့နေထိုင်သည့်မြို့တွင် ရိုဟင်ဂျာများမရှိသလောက်နည်းပါသည်။ ဤမိသားစုအတွက် ဘုရားသခင်ထောက်ပံ့ပေးရန်၊ ခရစ်တော်ထဲမှာ အသက်တာပိုမို ရင့်ကျက်လာအောင် တည်ဆောက်နိုင်ဖို့ ရိုဟင်ဂျာလူဦးရေပိုမိုများပြားသည့်မြို့များသို့ ပြောင်းရွှေ့နေထိုင်သင့်မသင့်ကို ဘုရားသခင်လမ်းပြပို့ဆောင်ပေးရန် ဆုတောင်းကူညီပါ။

၃

အမေရိကန်ပြည်ထောင်စုတစ်ဝှမ်းက ဘုရားသခင်၏နှုတ်ကပတ်တော်ကြားသိရသည့် ရိုဟင်ဂျာများသည် သမ္မာတရားကိုနားလည်ကာ၊ နူးညံ့သိမ်မွေ့သည့်နှလုံးသားများဖြင့် လက်ခံယုံကြည်လာရန် ဆုတောင်းကူညီပါ။ အဓိကအားဖြင့် သခင်ယေရှုအကြောင်းနှုတ်ကပတ်တော်ဖွင့်ပြချက်များကို စတင်တွေ့မြင်လာပြီး နောက်သူတို့၏နှလုံးသားထဲတွင် ဘုရားသခင်၏ညှာသောနှိုးဆော်တို့ထိခြင်းကို ခံစားနေရသည့်အမျိုးသားနှစ်ဦးအတွက် အထူးဆုတောင်းကူညီပါ။

မြန်မာနိုင်ငံ

၄

မြန်မာနိုင်ငံတွင် ပြည်တွင်းစစ်ကြီးဆက်လက်ဖြစ်ပွားနေပြီး အာရက္ခတပ်တော်က ရခိုင်ပြည်နယ်၏နေရာအများစုကို ထိန်းချုပ်ထားသည်။ စားသောက်ကုန်ပစ္စည်းများဈေးနှုန်းမြင့်တက်ခြင်း၊ သွားလာလှုပ်ရှားမှုများကို ကန့်သတ်ခံရခြင်းနှင့် လူထုဝန်ဆောင်မှုများရရှိရန်ခက်ခဲခြင်းစသည့် ဆိုးရွားသည့်အခြေအနေများရှိနေပါသည်။ သိုးထိန်းပျောက်နေသည့်သိုးစုများအလားနှောင့်ယှက်တိုက်ခိုက်ခံရခြင်းနှင့် အကူအညီမဲ့ခြင်းများရင်ဆိုင်နေရသည့် မြန်မာနိုင်ငံရိုဟင်ဂျာများသည် သူတို့ကို ပြုစုစောင့်ရှောက်ပေးရန် ဆန္ဒဖြင့်စောင့်နေသည့် သိုးထိန်းရှင်၏သတင်းစကားများကို ကြားသိပြီး လက်ခံယုံကြည်လာရန် ဆုတောင်းကူညီပါ။

၅

မြန်မာနိုင်ငံသည် ဝမ်းနည်းကြေကွဲဖွယ်အခြေအနေထဲမှာ ဆက်လက်တည်ရှိနေပါသည်။ နိုင်ငံ့အုပ်ချုပ်သူများမှာ ရိုဟင်ဂျာများကဲ့သို့ လျစ်လျူရှုမှုနှင့် ထိခိုက်နစ်နာမှုကြုံရသည့်ပြည်သူများအပေါ် စာနာထောက်ထားမှုများရှိလာရန် ဆုတောင်းကူညီပါ။ အာဏာပိုင်များ၏အသက်တာကို ဧဝံဂေလိတရားအားဖြင့် ပြောင်းလဲစေပြီး ခရစ်တော်ကဲ့သို့သောသိုးထိန်းကောင်းများဖြစ်လာရန် ရဲရင့်စွာဆုတောင်းပါ။

အိန္ဒိယနိုင်ငံ

၆

အိန္ဒိယနိုင်ငံမှာနေထိုင်သည့် ရိုဟင်ဂျာခရစ်ယာန်များသည် မိမိတို့အသိုင်းအဝိုင်းအတွင်းမှာပင် ခြိမ်းခြောက်နှိပ်စက်မှုများတွေ့ကြုံနေရသည့်အပြင် နိုင်ငံမှနှင်ထုတ်ခံရမည့် အန္တရာယ်ကလည်း အမြဲတမ်းလိုရှိနေပါသည်။ သူတို့သည် (ဆာ၊ ၂၃း၄) မှာ အကယ်၍ သေမင်း၏အရိပ်လွှမ်းမိုးသောချိုင့်ထဲသို့ လျှောက်သွားရသော်လည်း ဘေးအန္တရာယ်ကို မကြောက်ပါ။ အကြောင်းမူကား၊ ကိုယ်တော်သည် အကျွန်ုပ်နှင့်အတူရှိတော်မူသည်ဖြစ်၍၊ လုံတံတော်နှင့် တောင်ဝှေးတော်သည် အကျွန်ုပ်ကို ချမ်းသာစေပါ၏ဟု ကြွေးကြော်ထားသည့် မျှော်လင့်ခြင်းဖြင့် အားယူပြီးဆက်လက်ရပ်တည်နိုင်ရန် ဆုတောင်းကူညီပါ။



၇

ရိုဟင်ဂျာခရစ်ယာန်အသင်းတော်သည် ခရစ်တော်၏ပုံသဏ္ဌာန်တော်အတိုင်း ကြီးထွားလာပြီး သူ၏ချစ်ခြင်းမေတ္တာနှင့် သမ္မာတရားကို ထင်ဟပ်စေရန် ဆုတောင်းပါ။ ဘုရားသခင်သည် ယုံကြည်သူများကို ခွန်အားတိုးပွားစေပြီး ဉာဏ်ပညာနှင့် ဖြောင့်မတ်ခြင်းဖြင့် အသင်းတော်ကို လမ်းပြနိုင်သည့် သိုးထိန်းများ ပေါ်ထွန်းလာစေရန် တောင်းလျှောက်ပါ။

၈

ကမ္ဘာအနှံ့ရှိဟင်ဂျာများဧဝံဂေလိတရားကို ကြားသိနိုင်ရန် အသံထွက်သမ္မာကျမ်းစာဘာသာပြန်ဆိုခြင်းအလုပ်ကို ဆက်လက်လုပ်ဆောင်နိုင်ရန် ဆုတောင်းကူညီပါ။

၉

အိန္ဒိယနိုင်ငံမှ (၂၀၂၅) ခုနှစ်တွင် နိုင်ငံမှနှင်ထုတ်ခံခဲ့ရသည့် ခရစ်ယာန်နှင့် မွတ်စလင် ရိုဟင်ဂျာအသိုင်းအဝိုင်းတစ်စုသည် မြန်မာနိုင်ငံအတွင်း လက်နက်ကိုင်တွန်းလှန်သည့် အဖွဲ့တစ်ခု၏ လက်အောက်မှာ ရောက်ရှိနေပြီး အသက်ရှင်လျက် နိုင်ငံမှထွက်ခွာနိုင်ရန် ကြိုးပမ်းလျက်ရှိပါသည်။ သူတို့၏ခရီးတစ်လျှောက် ဘေးအန္တရာယ်ကင်းရှင်းစွာရောက်ရှိပြီး အကျွန်ုပ်၏ရန်သူတို့ရှေ့မှာ အကျွန်ုပ်အဖို့ စားပွဲကိုခင်းတော်" (ဆာ၊ ၂၃း၅) မူသည့် သခင်ဘုရားကို တွေ့ကြုံကာ ထိုသခင်၏လမ်းပြမှုအပေါ် ယုံကြည်သူများ၏စိတ်ချမှုသည်ကျန်ရှိသည့် လူအုပ်စုများအတွက် မျက်မြင်သက်သေတစ်ခုဖြစ်လာရန် ဆုတောင်းကူညီပါ။

ပါကစ္စတန် နိုင်ငံ

၁၀

ပါကစ္စတန်နိုင်ငံကရာချီမြို့တွင် အဓိကနေထိုင်ကြသောရိုဟင်ဂျာလူမျိုးပေါင်း တစ်သန်းဝက်ခန့်ရှိပါသည်။ လက်ရှိအချိန်ထိ သူတို့ထဲမှာ ယေရှုခရစ်တော်ကို ကိုယ်ပိုင်သိုးထိန်းအဖြစ်သိရှိပြီး နောက်လိုက်သူ တစ်ယောက်မျှမရှိသေးကြောင်း ကျွန်တော်တို့ သိထားသည်။ ရမ္မဒန်လအတွင်း ယေရှုခရစ်တော်သည် အိပ်မက်များ၊ ဗျာဒိတ်ရူပါရုံများမှတစ်ဆင့် ကိုယ်တော်ကိုယ်တိုင် ထင်ရှားစွာပြသတော်မူ၍ လူများစွာကို သူ့ထံသို့ ဆွဲခေါ်တော်မူရန် ဆုတောင်းပေးပါ။

၁၁

မီဒီယာအဖွဲ့တစ်ဖွဲ့သည် ကရာချီမြို့ရှိဟင်ဂျာအသိုင်းအဝိုင်းများကို ရှာဖွေဖော်ထုတ်ပြီး သူတို့အကြောင်း ပစ်မှတ်ထားတင်ဆက်မှုများပြုလုပ်ခဲ့သော်လည်း တုံ့ပြန်မှုတစ်စုံတစ်ရာမရရှိခဲ့ပါ။ ရိုဟင်ဂျာများသည် ယေရှုခရစ်တော်၌ မျော်လင့်ခြင်းနှင့် ခွန်အားများ ရရှိနိုင်ရန် သတင်းကောင်းဝေမှည့် ဉာဏ်ပညာပေးသနားရန် ဆုတောင်းပါ။

အင်ဒိုနီးရှားနိုင်ငံ

၁၂

အသံထွက်သမ္မာကျမ်းစာကို နားဆင်ခွန်အားယူခွင့်ရရှိကြသည့် အင်ဒိုနီးရှားနိုင်ငံက ရိုဟင်ဂျာများသည် ဘုရားသခင်နှင့် တွေ့ကြုံပြီး၊ သန့်ရှင်းသောဝိညာဉ်တော်က ၎င်းတို့၏စိတ်နှလုံးများကို ဖွင့်ပေးကာ ယေရှုခရစ်တော်အမှန်တကယ်အဘယ်သူဖြစ်ကြောင်းကို မြင်တွေ့နိုင်ရန် ဆုတောင်းပါ။ ထို့ပြင် မြောက်ဆူမတ်တြားပြည်နယ်၊ အာချေကျွန်းပေါ်ကဒေသခံအသိုင်းအဝိုင်းမှ ကရုဏာနှင့် စာနာထောက်ထားမှုဖြင့် ပြုစုစောင့်ရှောက်ပေးမှုရရှိရန်အတွက်လည်း ဆုတောင်းကူညီပါ။



မလေးရှားနိုင်ငံ

၁၃

M သည် လတ်တလောက လှေဖြင့် မလေးရှားသို့ရောက်ရှိလာပြီး ခရီးစဉ်ကြောင့် စိတ်ဒဏ်ရာများရရှိထားသူဖြစ်ပါသည်။ သူသည် ယေရှုနောက်လိုက်တစ်ယောက်လည်းဖြစ်သလို၊ သူ့အကြောင်း ပွင့်လင်းစွာဝေငှပြောဆိုနေသော သူ၏အစ်ကိုနှင့်အတူ နေထိုင်လျက်ရှိပါသည်။ M. နှင့် အခြားလတ်တလော ရောက်ရှိ လာသူများသည်လည်း ယေရှုခရစ်တော်၏တန်ခိုးတော်ဖြင့် တို့ထိခံစားပြီး သက်သာခြင်းရရှိကြဖို့ ဆုတောင်းကူညီပါ။

၁၄

H သည် မလေးရှားနိုင်ငံတွင် နှစ်ပေါင်း (၁၃) နှစ်ကြာ နေထိုင်ခဲ့ပါသည်။ ယခင်နှစ်တွင်သူမ၏ခင်ပွန်းဖြစ်သူသည် ဆီးချိုရောဂါကြောင့် ကွယ်လွန်သွားသဖြင့် ဝင်ငွေမရှိဘဲ ကလေးငယ်များကိုတစ်ယောက်တည်း ရုန်းကန်ရှာကျွေးရန် ကျန်ရစ်ခဲ့သောကြောင့် သူမ၏ဘဝသည် အလွန်ဝမ်းနည်းဖွယ် အခြေအနေသို့ ရောက်သွားပါသည်။ Hသည် တောဋ္ဌလမ်းခရီးကို ဖန်ဆင်းတော်မူသော" (ဟေရှာ၊ ၄၃:၁၉) လမ်းခရီးပြင်ဆင်ပေးသောအရှင်နှင့်တွေ့ကြုံပြီး သူမ၏ဝိညာဉ်ရေးနှင့် လက်တွေ့လိုအပ်ချက်နှစ်မျိုးစလုံးအတွက် ထောက်ပံ့ပေးသနားမှုကိုရရှိခံစားရန်ဆုတောင်းကူညီပါ။

၁၅

အလုပ်ခွင်အတွင်း ရောင်တခင် ဝင်ရောက် စစ်ဆေးမှုများတိုး မြင့်လာခြင်းကြောင့် ရိုဟင်ဂျာယောကျ်ားများ ဖမ်းဆီးခံနေရပြီး မိသားစုများသည် အထောက်အပံ့မရှိဘဲ အသက်ရှင်ကျန်ရစ်နေ ရပါသည်။ S သည် ခင်ပွန်းဖြစ်သူကို ပြန်မတွေ့ရတာ (၁) နှစ် နီးပါးရှိနေပြီး သမီးနှစ်ဦးကို သူမတစ်ယောက်တည်း ပြုစုစောင့် ရှောက်နေရပါသည်။ M မှာ ကိုယ်ဝန် (၉) လနှင့် ခင်ပွန်းဖြစ်သူ ဖမ်းဆီးခံရခြင်းကို ရင်ဆိုင်ခဲ့ရပါသည်။ ဤမိသားစုများအားလုံး ယေရှုခရစ်တော်အား ၎င်းတို့၏လိုအပ်ချက်များ ဖြည့်ဆည်းပေး သူနှင့် သစ္စာရှိသောမိတ်ဆွေအဖြစ်ကြုံတွေ့သိရှိရန် ဆုတောင်း ကူညီပါ။

၁၆

A သည် နှစ်ပေါင်းများစွာ ယေရှုခရစ်တော်နောက်လိုက်ခဲ့ပြီး အလုပ်နားချိန်မှာ လူနေအိမ်များသို့ လည်ပတ်ခြင်း (သို့) မိတ်ဆွေ သူငယ်ချင်းများထံ သမ္မာကျမ်းစာဖြစ်ရပ်ဇာတ်လမ်း ဗီဒီယိုများ ပေးပို့ခြင်းတို့ဖြင့် သူ၏ယုံကြည်ခြင်းကို တက်ကြွစွာဝေငှလျက်ရှိ သည်။ သူသည် ဘုရားသခင်နှင့် လျှောက်လှမ်းခြင်းအသက်တာ မှာ ဆက်လက်ရပ်တည်ပြီး ချစ်ခြင်းမေတ္တာဖြင့် သူ့လူမျိုးချင်း တို့ကို ကောင်းသောသိုးထိန်းရှင်၌ စိတ်ချယုံကြည်ရန် ဖိတ်ခေါ် ရာတွင် ဆက်လက်စိတ်အားထက်သန်နေရန်အတွက် ဆုတောင်း ကူညီပါ။

နီပေါနိုင်ငံ

၁၇

ယုံကြည်သူများမှ ဦးဆောင်သောလုပ်ငန်းစဉ်တစ်ခုဖြင့် နီပေါ နိုင်ငံရှိ ရိုဟင်ဂျာ (၈၃) ဦးအား နေအိမ်များပံ့ပိုးပေးနိုင်ခဲ့ ပါသည်။ ဝမ်းနည်းဖွယ်ရာမှာ ရပ်ကွက်အတွင်းရှိ အိမ်နီးချင်း တစ်ဦးက လအနည်းငယ်ကြာပြီးနောက်တိုင်ကြားခဲ့သဖြင့် ရဲတပ်ဖွဲ့သည် ၎င်းတို့အား ဖယ်ရှားခဲ့ပါသည်။ ဤယုံကြည်သူ အဖွဲ့သည် ၎င်းတို့၏ရိုဟင်ဂျာမိတ်ဆွေများအား လုံခြုံရေး၊ မျှော်လင့်ခြင်းနှင့် ဂုဏ်သိက္ခာကို ဆောင်ကျဉ်းပေးနိုင်ရန် ရည်ရွယ်ဆောင်ရွက်သည့်အမှုများမှာ ဘုရားသခင်မှ မျက်နှာသာပေးခံရပြီး ဆက်လက်ကူညီနိုင်မည့်လမ်းကြောင်း တစ်ခုပွင့်လာရန် ဆုတောင်းကူညီပါ။

၁၈

နီပေါနိုင်ငံရှိ ရိုဟင်ဂျာအသိုင်းအဝိုင်းတွင်မူဆလင်နောက်ခံမှ ယုံကြည်သူအသစ် (MBB) တစ်ဦးပေါ်ထွန်းလာခြင်းအတွက် ဘုရားသခင်ကို ချီးမွမ်းပါသည်။ အခြားနိုင်ငံမှ ယုံကြည်သူတစ် ဦးက သူ့အား ယုံကြည်ခြင်းသို့ပို့ဆောင်ပေးခဲ့ပြီးဒေသခံယုံကြည် သူတစ်ဦးက လမ်းမှန်သို့ညွှန်ကြားပြသပေးလျက်ရှိပါသည်။ ဤ ညီအစ်ကိုအသစ်သည်ခရစ်တော်၌ ကြီးထွားလာစဉ် ကာကွယ်မှု နှင့် လမ်းညွှန်မှုကိုရရှိရန် ကျေးဇူးပြု၍ ဆုတောင်းကူညီပါ။

ကျော်ဒန်နိုင်ငံ

၁၉

ကျွန်ုပ်တို့သိရှိသမျှအတိုင်း၊ ကျော်ဒန်နိုင်ငံရှိ ရိုဟင်ဂျာများထံ ချဉ်းကပ်သာသနာပြုရန် အာရုံစိုက်သောကြိုးပမ်းမှုများမရှိ သေးပါ။ သိုးထိန်းမရှိသောသိုးများကဲ့သို့ လမ်းညွှန်မှုနှင့် စောင့်ရှောက်မှုလိုအပ်နေသော ဤရိုဟင်ဂျာများကို မြင်တွေ့စေ ရန် ဘုရားသခင်သည် မိမိလူတို့၏နှလုံးသားထဲသို့ ထည့်သွင်း ပေးတော်မူရန် ဆုတောင်းပါ။ ကောင်းသောသိုးထိန်းရှင်၏ နောက်လိုက်များမှ ၎င်းတို့အား ဆုတောင်းကူညီပြီး သစ္စာရှိစွာ ထွဲခေါ်ပေးနိုင်ရန် ဆုတောင်းကူညီပါ။



ဆော်ဒီအာရေဗျနိုင်ငံ

၂၀

ဆော်ဒီအာရေဗျနိုင်ငံရှိ ရိုဟင်ဂျာများကို အထူးသီးသန့်ဧဝံဂေ လိဝေငှနေသောသာသနာပြုလုပ်သားများမရှိပါ။ခန့်မှန်းခြေ (၅၀၀,၀၀၀) ခန့်ရှိသော မိမိတို့သိုးထိန်းရှင်၏ချစ်ခြင်းမေတ္တာနှင့် စောင့်ရှောက်မှုကို မကြားဖူးသေးသည့် ထိုနိုင်ငံထဲက ရိုဟင်ဂျာ များအတွက် ယုံကြည်သူများ ကရုဏာစိတ်ရှိလာရန် ဆုတောင်း ပါ။ လုပ်သားများလယ်ကွင်းထဲသို့ဝင်ရောက်၍ ဧဝံဂေလိ သတင်းကောင်းကို သစ္စာရှိစွာဝေငှနိုင်မည့်တံခါးများပွင့်လာရန် ဆုတောင်းပါ။

၂၁

တိုင်းပြည်တစ်ဝှမ်း မြို့ကြီးများထဲက ရိုဟင်ဂျာနေအိမ်များသည် အစိုးရမှ ခေတ်မီဖွံ့ဖြိုးရေးအတွက် မြေယာရှင်းလင်းရေး အစီအစဉ်ကြောင့် ဆက်လက်ဖျက်ဆီးခံနေရဆဲဖြစ်သည်။ တစ် ဖန်ပြောင်းရွှေ့ခံရသူများနှင့် နေအိမ်ရှိသေးသော်လည်း ရုန်းကန် နေရသူများအတွက် ဆုတောင်းပါ။ နေ့စဉ်အသက်တာအတွက် ခွန်အားဖြစ်သော ၎င်းတို့ဝိညာဉ်များ၏ ကြင်နာသောသိုးထိန်း ရှင်နှင့်တွေ့ကြုံကြရန် ဆုတောင်းကူညီပါ။



ထိုင်းနိုင်ငံ

၂၂

ရိုဟင်ဂျာလူငယ် (၃၀၀) ကျော်သည် လူဝင်မှုကြီးကြပ်ရေးစခန်းတွင် ထိန်းသိမ်းခံထားရသည်။ ၎င်းတို့၏တစ်ခုတည်းသော ပြစ်မှုမှာ ၎င်းတို့၏မွေးရပ်မြေက လူမျိုးတုံးသတ်ဖြတ်မှုမှ လွတ်မြောက်ရန် ထွက်ပြေးပြီး ထိုင်းနိုင်ငံတွင် ငြိမ်းချမ်းသောဘဝကို ရှာဖွေခြင်းပင်ဖြစ်သည်။ ဒေသခံယုံကြည်သူများသည် ၎င်းတို့အား တစ်ပတ်လျှင်တစ်ကြိမ် အင်္ဂလိပ်စာသင်ပေးကာ တစ်ဦးစီအတွက် စောင့်ရှောက်မှုပြသပေးနိုင်ရန် စီစဉ်လျှက်ရှိပါသည်။ ၎င်းတို့၏ခရီးစဉ်သည် ယေရှုထံမှ မျှော်လင့်ခြင်းကို ရှာဖွေတွေ့ရှိစေသည့် အရာဖြစ်လာရန် ဆုတောင်းကူညီပါ။

၂၃

F. သည် ယုံကြည်သူအသစ်တစ်ဦးဖြစ်ပြီး သူ၏ (၁၀) နှစ်သက်တမ်း မှတ်ပုံတင်ကတ်ပြား အတည်ပြုခံရရန် လုပ်ဆောင်နေသည်။ 'ဒီကတ်ပြားနဲ့ဆို' သူကပြောသည်၊ 'အီစာအလ်မာဆီဟ် (သခင်ယေရှု) အား စိတ်ဝင်စားသည့် ကျွန်တော့်မိတ်ဆွေတွေဆီ ဧဝံဂေလိသတင်းကောင်းမျှဝေဖို့ ကျွန်တော်ခရီးထွက်နိုင်တယ်။ ဧဝံဂေလိမျှဝေလိုသည့် သူ၏ဝန်တာစိတ်အတွက် ဘုရားသခင်ကို ချီးမွမ်းပါသည်။ သူသည်ဤခေါ်ခြင်းကို ဆက်ကပ်လုပ်ဆောင်သည့်အခါ ကောင်းသောသိုးထိန်းရှင်မှ လမ်းညွှန်ပေးပြီး ကာကွယ်ပေးရန် ဆုတောင်းကူညီပါ။

၂၄

ထိုင်းနိုင်ငံတွင် ရိုဟင်ဂျာတစ်ဦးဖြစ်ခြင်းသည် မကြာခဏဆိုသလို ပုန်းအောင်းနေထိုင်ခြင်း၊ ဖမ်းဆီးခံရမည့်ကြောက်စိတ်နှင့် နေထိုင်ရခြင်းကို ဆိုလိုသည်။ အန္တရာယ်ရှိသောခရီးစဉ်အတွင်းက လူကုန်ကူးသူများထံမှ အရှက်ရစေခြင်းနှင့်ခေါင်းပုံဖြတ်ခံရခြင်းတို့ကို ပေးဆပ်ပြီးနောက် ၎င်းတို့သည် ပိုမိုကောင်းမွန်သောဘဝကို မျှော်လင့်ကြသည်။ သူတို့အား ချစ်မြတ်နိုးပြီး ဖြောင့်မတ်သော လမ်းသို့ဦးဆောင်ပေးနိုင်သည့် ကောင်းသောသိုးထိန်းရှင်ကို တွေ့ကြုံစေရန် ဆုတောင်းကူညီပါ။

ဘင်္ဂလားဒေ့ရှ်နိုင်ငံ

၂၅

ဘင်္ဂလားဒေ့ရှ်ရှိ ယုံကြည်သူအသိုင်းအဝိုင်း၏ခေါင်းဆောင်များအတွက် ဆုတောင်းပါ။ ၎င်းတို့သည် ကောင်းသောသိုးထိန်းရှင်၏နှိမ့်ချသောစံနမူနာကို လိုက်လျောက်ပြီး ၎င်းတို့၏သိုးစုများကို အစေခံဖို့သင်ယူနိုင်ရန် ဆုတောင်းကူညီပါ။

၂၆

ဒုက္ခသည်စခန်းများရှိ ဆေးခန်းများကို ဖွင့်ထားရန် အစိုးရခွင့်ပြုချက်နှင့် လုံလောက်သောထောက်ပံ့ကြေးများအတွက် ဘုရားသခင်၏ကျေးဇူးတော်ကို ချီးမွမ်းပါသည်။ ဆေးခန်းသည် ခရစ်တော်၏နောက်လိုက်များဖြစ်သောဝန်ထမ်းများနှင့် ထိတွေ့ဆက်ဆံရာမှတစ်ဆင့် လူများ ယေရှုအား စစ်မှန်သောနည်းလမ်းများဖြင့် ကိုယ်တိုင်ကြုံတွေ့သောနေရာဖြစ်လာရန် ဆုတောင်းကူညီပါ။

၂၇

ဘာသာပြန်ဆိုခြင်းလုပ်ငန်းစဉ်တွင်ပါဝင်နေသော 'ညီအစ်ကိုများ' နှင့် 'ဝမ်းကွဲများ' သည် နှုတ်ကပတ်တော်အား အတတ်ပညာစွမ်းဆောင်မှု (သို့) အလုပ်တစ်ခုသက်သက်အနေဖြင့်မဟုတ်ဘဲ စိတ်နှလုံးအကြွင်းမဲ့ဆက်ကပ်လုပ်ဆောင်နိုင်ရန် ဆုတောင်းကူညီပါ။ ရှင်မသဲခရစ်ဝင် ဘာသာပြန်ကျမ်းမှတစ်ဆင့် ပထမဆုံးအကြိမ် သခင်ယေရှုကိုမြင်တွေ့ခံစားလာသူများသည် စိတ်နှလုံးပြောင်းလဲပြီး နောက်တော်သို့လိုက်လာရန် ဆုတောင်းကူညီပါ။



တရုတ်နိုင်ငံ

၂၈

တရုတ်နိုင်ငံရှိ ရိုဟင်ဂျာများသည် မြန်မာနယ်စပ်အနီး၊ ရွှင်လီ (Ruili) ကဲ့သို့သောမြို့များတွင် နေထိုင်ကြသည်။ ၎င်းတို့၏ဘဝများအကြောင်း သိပ်မသိရပါ။ လက်ရှိအချိန်တွင် မည်သူကမျှ ၎င်းတို့ထံ ဧဝံဂေလိသတင်းကောင်းမျှဝေနေခြင်းမရှိပါ။ ယေရှု၏နောက်လိုက်များသည် ကရုဏာစိတ်ရှိရန် နှိုးဆော်ခံရပြီး ၎င်းတို့အတွက် ဆုတောင်းပြီး စစ်မှန်သောသိုးထိန်းဖြစ်သည့် သခင်ယေရှုထံ ဦးဆောင်ပေးဖို့ ရှေ့ထွက်လုပ်ဆောင်လာရန် ဆုတောင်းကူညီပါ။

ဂျပန်နိုင်ငံ

၂၉

ဂျပန်အစိုးရသည် ကော့ဇ်ဘဇာ ဒုက္ခသည်စခန်းရှိ ရိုဟင်ဂျာများအား ပံ့ပိုးရန် ကုလသမဂ္ဂကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ်အတွက် ရန်ပုံငွေထောက်ပံ့ပေးခဲ့သည်။ Mobility for Humanity (လူသားများအတွက် ရွှေ့လျားအကျိုးပြုခြင်း) အဖွဲ့သည် အချို့အား အလုပ်အကိုင် (သို့) ပညာသင်ကြားနိုင်ရန် ဂျပန်သို့ ပို့ဆောင်ပေးနေခြင်းကြောင့် ၎င်းတို့၏အနာဂတ်အတွက် မျှော်လင့်ချက်ဆောင်ကျဉ်းပေးပါသည်။ ဤကဲ့သို့ စောက်ရှောက်ကူညီပေးသည့်လုပ်ဆောင်မှုများအတွက် ဘုရားသခင်၏ကျေးဇူးတော်ကို ချီးမွမ်းပါသည်။ ဂျပန်ရှိ ယုံကြည်သူများသည် ထိုရိုဟင်ဂျာများထံချဉ်းကပ်ပြီး ယေရှုအကြောင်းဝေငှနိုင်ရန် ဆုတောင်းကူညီပါ။

ယူအေအီးနိုင်ငံ

၃၀

ယူအေအီးတွင် ရိုဟင်ဂျာ (၅၀,၀၀၀) ခန့် ရှိနိုင်သည်ဟု ခန့်မှန်းရသည်။ ထိုနေရာတွင် သူတို့၏ဘဝသည် အတန်အသင့်တည်ငြိမ်ပြီး ယေဘုယျအားဖြင့် ခွဲခြားဆက်ဆံမှုများမကြုံရပါ။ ရိုဟင်ဂျာများတွင် နက်ရှိုင်းသောဝိညာဉ်ရေးရာဆာငတ်မှုရှိလာရန်၊ ယုံကြည်သူများသည် ၎င်းတို့အတွက် ဆုတောင်းကူညီပေးခြင်း၊ အဓိပ္ပာယ်ရှိသောဆက်ဆံရေးများတည်ဆောက်ခြင်းဖြင့် သခင်ယေရှုအကြောင်း ဝေငှနိုင်ရန် ဆုတောင်းကူညီပါ။

ဆက်လျက်ဆုတောင်းလိုပါသလား?

Signal မှ ဆုတောင်းချက်များ ရယူရန် QR ကုဒ်ကို စကင်ဖတ်ပြီး စာရင်းသွင်းပါ။

ပိုမိုသိလိုပါက pray4rohingya.org